MoHADM-NUG | KNU | KNPP | CNF

# မြန်မာပြည်သူအားလုံးအတွက် လူသားချင်းစာနာထောက်ထားပံ့ပိုးမှု

## Inclusive Humanitarian Forum (IHF) နှင့် AHA Centre

## ၂၀၂၃ ခုနှစ်၊ မေလ (၁၀) ရက်

၂၀၂၃ ခုနှစ်၊ မေလ (၇) ရက်နေ့တွင် ရှမ်းပြည်နယ်၊ ဆီဆိုင်မြို့သို့သွားရောက်သော အာဆီယံသံတမန်အချို့နှင့် ဘေးအန္တရာယ်စီမံခန့်ခွဲရေးတွင်လူသားချင်းစာနာကူညီမှုအတွက်အာဆီယံညှိနှိုင်းရေးရုံး (AHA Centre) မှ ကိုယ်စားလှယ်များပါဝင်သည့် ကယ်ဆယ်ရေးအဖွဲ့ကို စစ်တပ်နှင့်ဆက်စပ်မှုရှိသည့်အဖွဲ့တစ်ခုက တိုက်ခိုက်ခဲ့ကြောင်း တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များ (EROs) နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့အနေဖြင့် ကြားသိခဲ့ရပါသည်။ ကံကောင်းထောက်မစွာဖြင့် လူ့အသက်အန္တရာယ် ထိခိုက်မှုမရှိခဲ့သည့် အတွက်လည်း ကျွန်ုပ်တို့အနေဖြင့် စိတ်သက်သာရခဲ့ပါသည်။ သို့ရာတွင် ဤအဖြစ်အပျက်ကိုကြည့်ခြင်းအားဖြင့် ဘေးကင်းလုံခြုံစွာဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် အရေးကြီးကြောင်း သတိပေးချက်အဖြစ် အချိန်နှင့်တပြေးညီ ရှုမြင်ကြရမည်ဟု နားလည်မိပါသည်။

မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုများ အမြန်ဆုံး အဆုံးသတ်ရေးနှင့်ပတ်သက်၍ အာဆီယံ၏စိုးရိမ် ပူပန်မှုကို ကျွန်ုပ်တို့အနေဖြင့် နားလည်သဘောပေါက်ပါသည်။ ထို့အတူ အကူအညီ လိုအပ်နေသော ပြည်သူ အားလုံးအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များကို ခွင့်ပြုပေးရန် လိုအပ်ပါသည်။ သို့သော်လည်း လက်ရှိမြန်မာနိုင်ငံတွင် လက်နက်ကိုင် အကြမ်းဖက်မှုများ အရှိန်အဟုန်မြင့်မားနေခြင်းမှာ မြန်မာစစ်တပ်၏ အာဏာကိုတရားမဝင် အတင်းအဓမ္မ သိမ်းယူထားလိုမှုကြောင့်ဖြစ်သည်ကို နားလည်ထားရမည် ဖြစ်ပါသည်။

လွန်ခဲ့သည့် နှစ်နှစ်ကျော်က အကြမ်းဖက်စစ်တပ်အာဏာသိမ်းခဲ့စဉ်မှ စတင်ကာ စစ်တပ်၏ ရက်စက်ကြမ်းကြုတ်သည့် ဖိနှိပ်မှုအမျိုးမျိုးကို ခံခဲ့ရသော နိုင်ငံတဝှမ်းရှိ ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင် ပါဝင်သည့် ပြည်သူများ၏ အခွင့်အရေးများကို ကာကွယ်ရန်အတွက် EROs များနှင့် NUG တို့က ကျယ်ကျယ်ပြန့်ပြန့် ဆန့်ကျင်တွန်းလှန်နေခြင်းဖြစ်ပြီး တော်လှန်ရေးသည် အဆင့်ဆင့်ပုံစံပြောင်းလဲလာခြင်းသာဖြစ်ပါသည်။ အကြမ်းဖက်စစ်တပ်သည် ရွာများ၊ စစ်ရှောင်ဒုက္ခသည်စခန်းများ၊ စာသင်ကျောင်းများ၊ ဆေးပေးခန်းများ၊ ဘာသာရေး အဆောက်အအုံများနှင့် အရပ်သားပြည်သူများကို လက်နက်ကြီးများဖြင့်သော်လည်းကောင်း၊ ကုန်းကြောင်းနှင့် လေကြောင်းမှသော်လည်းကောင်း ပစ်မှတ်ထားတိုက်ခိုက်ခြင်းကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးနေရသလို ၎င်းတို့၏ အိုးအိမ်များဖျက်ဆီးခံရပြီး နေရပ်ကိုစွန့်ခွာ ထွက်ပြေးတိမ်းရှောင် နေရပါသည်။ သို့ဖြစ်၍ လက်ရှိတွင်

နိုင်ငံတဝှမ်း၌ ပြည်သူ (၁.၅) သန်းကျော်သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်နေပါသည်။

ထို့ပြင် လူသားချင်းစာနာထောက်ထားသည့် အကူအညီများအား နယ်မြေအနှံ့အပြားတွင် ပေးအပ်နေခြင်းကို စစ်တပ်က ပြင်းထန်စွာ ပိတ်ဆို့တားဆီးနေသည့်အတွက် မြန်မာနိုင်ငံသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကပ်ဘေးတစ်ရပ်ကို ရင်ဆိုင်နေရသည့်အခြေအနေဖြစ်နေပါသည်။ ၎င်းအခြေအနေဆိုးကို ဖြေရှင်းရန် လူသားချင်းစာနာကူညီမှုလုပ်ငန်းများ ဆောင်ရွက်နေကြသော လွတ်လပ်သည့် ဒေသခံအဖွဲ့အစည်းများစွာက စွမ်းစွမ်းတမံ ဆောင်ရွက်နေပါသော်လည်း ၎င်းတို့အတွက် အရင်းအမြစ်လိုအပ်ချက် လွန်စွာကြီးမားနေပါသည်။

အာဆီယံ - AHA Centre ၏ ကြိုးပမ်းအားထုတ်မှုများသည် ထိုအကျပ်အတည်းကို အသိမှတ်ပြုပြီး အကူအညီလိုအပ်သည့် ပြည်သူအချို့အား အကူအညီများပေးရန်ဖြစ်သည်ဟု ကျွန်ုပ်တို့ နားလည်သည့်အတွက် ကြိုဆိုပါသည်။ ထို့ကြောင့်လည်း ကျွန်ုပ်တို့အနေဖြင့် လွန်ခဲ့သည့် (၁၂) လ အတွင်း အကူအညီ လိုအပ်နေသောသူများအားလုံး၏ လိုအပ်ချက်များကို ဆန်းစစ်လေ့လာမှု ပြုလုပ်ခဲ့ပါသည်။ ထိုဆန်းစစ်ချက်များအရ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပေးအပ်မှုများသည် နိုင်ငံ၏ အရှေ့ဘက်နှင့် အနောက်ဘက် နယ်စပ်တလျှောက်မှသာ ထောက်ပံ့နိုင်မည် ဖြစ်ပါသည်။ လူသားချင်းစာနာထောက် ထားမှုအကူအညီများ ဆောင်ရွက်မှုအပေါ် မြန်မာစစ်တပ်က တားဆီးပိတ်ဆို့မှုများကြောင့် ၎င်းအကူအညီများ ပေးအပ်ရာတွင် တိကျသော အချိန်ဇယား၊ ယာယီအပစ်အခတ်ရပ်စဲရေး ညှိနှိုင်းမှုများနှင့် အကူအညီပေးမှုများကို စောင့်ကြည့်အကဲဖြတ်ခြင်း လုပ်ငန်းများ ထည့်သွင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းသည် နိုင်ငံတကာ၏ စိုးရိမ်ပူပန်မှုအဆင့်ကိုရောက်ရှိလာပြီဖြစ်၍ အာဆီယံ တစ်ခုတည်း၏ စိုးရိမ်မှုထက် ကျော်လွန်နေသောကြောင့် သက်ဆိုင်သော နိုင်ငံများ ပေါင်းစည်းကာ အားလုံးပါဝင်သည့်လူသားချင်းစာနာကူညီမှုဖိုရမ်တစ်ခုကို ပြုလုပ်နိုင်ရေးအတွက် ကျွန်ုပ်တို့က လွန်ခဲ့သည့် (၁၂) လကျော်ကာလတလျှောက် နိုင်ငံတကာကို တိုက်တွန်းထားပါသည်။ မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂ၏ အထူးသံတမန်ကလည်း ဤအဆိုပြုမှုကို ဝမ်းမြောက်ဝမ်းသာစွာ လက်ခံပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် စသည့် ဒေသတွင်းအဆင့်တို့တွင်လည်းကောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် ကုလသမဂ္ဂအထွေထွေညီလာခံ တို့တွင်လည်းကောင်း ဆက်လက်တိုက်တွန်းအားပေးခဲ့ခြင်းကြောင့် ပိုမိုကျယ်ပြန့်သည့် ထောက်ခံမှုလည်း ရရှိခဲ့ပြီးဖြစ်ပါသည်။ ဘင်္ဂလားပင်လယ်အော်တွင် လတ်တလောဖြစ်ပေါ်နေသည့် ဆိုင်ကလုန်းမုန်တိုင်း၏ ဆိုးကျိုးသက်ရောက်နိုင်ခြေများကိုပါထည့်သွင်းစဉ်းစား၍ လူသားချင်း စာနာမှုအကူအညီလိုအပ်နေသော ပြည်သူလူထုကိုထောက်ပံ့မှုပေးနိုင်ရေးအတွက် နည်းလမ်းများကို အမြန်ဆုံးဖော်ဆောင်ပေးရန် အရေးတကြီးလိုအပ်လျက်ရှိပါသည်။

ထို့ကြောင့် အာဆီယံအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ခြင်းလုပ်ငန်းကို နိုင်ငံတကာက အသိအမှတ်ပြုပြီး အကူအညီများ ပိုမို ပေးအပ်နိုင်စေရန်အတွက် အကြိမ်(၄၀) နှင့် (၄၁) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများတွင်သဘောတူညီခဲ့ကြသည့် အာဆီယံ ဘုံသဘောတူ ညီချက် (၅) ချက် အကောင်အထည်ဖော်မှုအား ပြန်လည် သုံးသပ်သည့် အစည်းအဝေး၏ ဆုံးဖြတ်ချက် (၁၅) ချက်အနက် ဆုံးဖြတ်ချက် အမှတ် (၁၃) အရ လူသားချင်းစာနာကူညီမှုလုပ်ငန်းများတွင် ကုလသမဂ္ဂနှင့် ပြင်ပကမိတ်ဖက်အဖွဲ့အစည်းများနှင့်ပါ ကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်းဆောင်ရွက်ရန် ဒုက္ခရောက်နေသည့် မြန်မာပြည်သူလူထုကိုယ်စားကျွန်ုပ်တို့ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များ (EROs) နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့က အာဆီယံခေါင်းဆောင်များကို အလေးအနက် တိုက်တွန်းအပ်ပါသည်။

ဆက်သွယ်ရန် -

နဲနယ်ပလိုး - + 66 98 757 2309

စောဆာကဒါးဖောစိုး - + 66 87 210 0047